Myanmar Garment Manufacturers Association

# NEWSLETTER

JULY 2023, ISSUE

## Apparel Sourcing Paris 2023 ၌ Myanmar Pavilion အဖြစ် MGMA မှပါဝင်ပြသခဲ့



Messe Frankfurt (Paris) ၏ပံ့ပိုးမှုဖြင့် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်သော နိုင်ငံတကာအဝတ်အထည်ပြပွဲ သို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှ ကြီးမှူး၍ MGMA ဥက္ကဌ ဦးမြင့်စိုး နှင့်တကွ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါက်တာ ခင်မောင်အေး၊ ဒေါ်အေးအေးဟန်၊ ဒေါ်ကြွေကြွေဇင်၊ ဒေါက်တာ ခင်ခင်ကြည်၊ ဦးရဲခန့် နှင့် အခြားစက်ရုံကိုယ်စားလှယ် စုစုပေါင်း (၁၂) ဦး တက်ရောက်ခဲ့ကြသည်။ MGMA အနေဖြင့် Institutional booth အဖြစ်ပါဝင်ခဲ့ပြီး Shwe Sakar Factory, Maple Trading Co.,Ltd, Star Sandar Garment and General Economic Co-Op Society Ltd, Shweyi Zabe Garment Mfg.,Co.,Ltd နှင့် Lat War Co.,Ltd တို့မှ Made in Myanmar ထုတ်ကုန်များအား သက်ဆိုင်ရာ ပြခန်းများတွင် ပြသခဲ့ကြသည်။

စာ - ၂

## လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



စာ - ၇

## JUKI Corporation(Sewing Machine dealer) မှ တာဝန်ရှိသူများ MGMA သို့လာရောက်တွေ့ဆုံ




စာ - ၆

# မာတိကာ

## Activities and News | Page


Apparel Sourcing Paris 2023 ၌ Myanmar Pavilion အဖြစ် MGMA မှပါဝင်ပြသခဲ့.............................. ၂-၃
Sewing Machine Operator Level - 2 အစည်းအဝေး ............................................................................ ၅
JUKI Corporation(Sewing Machine dealer) မှတာဝန်ရှိသူများ MGMA သို့လာရောက်တွေ့ဆုံ .............. ၆
လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................................................ ၇
NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း.................................................... ၈
Industrial Engineering Training (Batch – 76) ........................................................................... ၉-၁၀
စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၉) ........................................................................................................................................ ၁၁
အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၂ ) .................................................................................. ၁၂


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Intertextile Shanghai Apparel Fabrics – Spring Edition 2023 | August – $28^{th}$ to $30^{th}$ | Shanghai |
| 2. | Labour Law Awareness Training Batch – 20 & 21 | TBA | TBA |
| 3. | Basic Sewing Machine Operator Training (Batch – 224) | TBA | TBA |

## Membership Update


New Members in July 2023 ………………………………………………………. ၁၃
Membership update as of July 2023 ..…………………………………………….. ၁၃

# Apparel Sourcing Paris 2023 ၌ Myanmar Pavilion အဖြစ် MGMA မှပါဝင်ပြသခဲ့




Messe Frankfurt (Paris) ၏ပံ့ပိုးမှုဖြင့် ပြင်သစ်နိုင်ငံ၊ မြို့တွင် ကျင်းပပြုလုပ်သော နိုင်ငံတကာအဝတ်အထည်ပြပွဲသို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှ ကြီးမှူး၍ MGMA ဥက္ကဋ္ဌ ဦးမြင့်စိုး နှင့်တကွ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါက်တာ ခင်မောင်အေး၊ ဒေါ်အေးအေးဟန်၊ ဒေါ်ကြွေကြွေဇင်၊ ဒေါက်တာ ခင်ခင်ကြည်၊ ဦးရဲခန့် နှင့် အခြားစက်ရုံကိုယ်စားလှယ် စုစုပေါင်း (၁၂) ဦး တက်ရောက်ခဲ့ကြသည်။

MGMA အနေဖြင့် Institutional booth အဖြစ်ပါဝင်ခဲ့ပြီး Shwe Sakar Factory, Maple Trading Co.,Ltd, Star Sandar Garment and General Economic Co-Op Society Ltd, Shweyi Zabe Garment Mfg.,Co.,Ltd နှင့် Lat War Co.,Ltd တို့မှ Made in Myanmar ထုတ်ကုန်များအား သက်ဆိုင်ရာပြခန်းများတွင် ပြသခဲ့ကြသည်။

**စာ (၃) သို့ >>>>>>>>>>**








အဆိုပါပြပွဲအား EU Platform ပေါ်တွင် Brands နှင့် Buyers တို့အကြားချိတ်ဆက်နိုင်ရန် နှင့် မြန်မာ့အထည်ချုပ်လုပ်ငန်းအား အသိအမှတ်ပြုစေရန် ရည်ရွယ်ချက်ဖြင့် တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ပြပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ Paris Expo Porte de Versailles ခန်းမတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတကာမှ ပြခန်းပေါင်း ၆၀၀ ခန့်ပြသခဲ့သည်။ ပြပွဲသို့ ပြင်သစ်၊ တူရကီ၊ စပိန်၊ အီတလီ၊ ယူနိုက်တက်ကင်းဒမ်း၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ကိုလံဘီယာနှင့် ပိုလန်အပါအဝင် ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၁၀ နိုင်ငံမှ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

နိုင်ငံတကာအဝတ်အထည်ပြပွဲ၊ Messe Frankfurt (Paris) တွင် ၂၀၁၅ခုနှစ်ကတည်းက စက်ရုံအချို့၏ ထုတ်ကုန်များပြသရန် Clothing Connect – CBI Netherland မှပံ့ပိုးကူညီပေးခဲ့ပြီး ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ “Made in Myanmar” ထုတ်ကုန်များကို နိုင်ငံတကာမှ အမှာစာများ မှာယူနိုင်ရန် ပြခန်းခင်းကျင်း၍ပြသနိုင်ရန် AVE Germany မှ ပံ့ပိုးကူညီပေးခဲ့သည်။







ထိုသို့သွားရောက် ပြသခဲ့သော ၂၀၁၅ မှ ၂၀၁၉ ခုနှစ်ထိ EU Buyers အများစုဖြစ်သော စပိန်၊ ဂျာမနီ၊ ပြင်သစ်၊ ပိုလန်၊ နယ်သာလန် နိုင်ငံများမှ လာရောက်ကြည့်ရှုခဲ့ပြီး ထုတ်ကုန်အမှာစာများ၊ ကုန်အမှတ်တံဆိပ်များ ပိုမိုရှိလာခဲ့ပါသည်။ ၂၀၂၀ခုနှစ် ကိုဗစ်ကာလနောက်ပိုင်း ရပ်နားထားခဲ့သော နိုင်ငံတကာ အထည်အလိပ်ပြပွဲသည် ယခုနှစ်မှ စ၍ ပြန်လည် ကျင်းပရခြင်းဖြစ်ပြီး. မြန်မာအထည်ချုပ်လုပ်ငန်းရှင်များသွားရောက်ပြသခဲ့သည်မှာ (၆)ကြိမ်ခန့်ရှိပြီ ဖြစ်သည်။
















# CB BANK

Banking Services for

# CMP Business

(Cutting, Making, Packing)



**နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေသော CMP လုပ်ငန်းရှင်ကြီးများ၏ ငွေဝင်ရောက်မှုအား CB Bank မှ မြန်ဆန်စွာ ဆောင်ရွက်ပေးနေပါပြီ**

Trade Operation
**(+95) 1 378644**

Trade Sale
**(+95) 1 2317698**

www.cbbank.com.mm

# Sewing Machine Operator Level - 2 အစည်းအဝေး

Sewing Machine Operator Level - 2 အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်က MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိလူကြီးမင်းများ နှင့် အလုပ်အကိုင်ကျွမ်းကျင်မှု“စံ”သတ်မှတ်ရေးကော်မတီများ၏ အဖွဲ့ဝင်များ တို့မှ အလုပ်အကိုင် ကျွမ်းကျင်မှု“စံ”သတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အထည်ချုပ်စက်ရုံများတွင် လုပ်ဆောင်မည့် National Skills Standards Authority (NSSA) Level 2 နှင့်သက်ဆိုင်သည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။



အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူးချုပ် နှင့် အလုပ်အကိုင် ကျွမ်းကျင်မှု“စံ”သတ်မှတ်ရေးကော်မတီ များ၏ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။







## JUKI Corporation(Sewing Machine dealer) မှတာဝန်ရှိသူများ MGMA သို့လာရောက်တွေ့ဆုံ




JUKI Corporation(Sewing Machine dealer) မှတာဝန်ရှိသူများ MGMA ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်က MGMA အစည်းအဝေးခန်း၌ လာရောက်တွေ့ဆုံခဲ့ကြသည်။

အစည်းအဝေးတွင် MGMA မှ မန်နေဂျင်းဒါရိုက်တာ နှင့် JUKI မှတာဝန်ရှိလူကြီးမင်းများမှ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း၏ လက်ရှိအခြေအနေများ နှင့် JUKI အပ်ချုပ်စက်များ၏ဈေးကွက်များအကြောင်း ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) မှ လက်ရှိအသုံးပြုနေသော JUKI အမှတ်တံဆိပ် အပ်ချုပ်စက်များ အသုံးပြုမှုနှင့် လိုအပ်လျှင် အထောက်အပံ့များပေးနိုင်ရန် ကိစ္စရပ်များကိုလည်းဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ MGMA ၏ မန်နေဂျင်း ဒါရိုက်တာ နှင့် JUKI Sewing Machine မှတာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။









# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ရှန်ဟိုင်းတွင်ပြုလုပ်မည့် Intertextile Shanghai Apparel Fabrics – Spring Edition 2023 တွင်ပါဝင်မည့် Roundtable discussion အတွက်လိုအပ်သည့်အချက်အလက်များ၊ ပြပွဲသို့တက်ရောက်မည့်သူများနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ နှင့် MGMA ၏ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။







## NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း




NSSA Accessor Team and Candidates

National Skill Standard Authority (NSSA)'s Garment Sewing Machine Operator Level 2 စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်မှ ၂၂ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ MGHRDC ၌ပြုလုပ်သည်။

NSSA accessor team မှ ဇူလိုင်လ ၁၉ ရက်နှင့် ၂၀ ရက်တွင် ဗဟုသုတဆိုင်ရာများကို သင်ကြားပေးခဲ့ပြီး လက်တွေ့စစ်ဆေးခြင်းကို ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပြုလုပ်ခဲ့သည်။ စစ်ဆေးရာတွင် စုစုပေါင်း သင်တန်းသား ၂၂ ယောက်အား Single Needle Machine နှင့် Special Machines (၉) မျိုး တို့နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာ စစ်ဆေးခြင်းများနှင့် လက်တွေ့လုပ်ဆောင်ခြင်း တို့ကိုပြုလုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကိုပြုလုပ်ပေးခြင်းဖြစ်သည်။



NSSA Accessor conducting training



Knowledge Test



Practical Test



Practical Test



NSSA Accessor conducting training



Practical Test

# Industrial Engineering Training (Batch – 76)



Batch -  76 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၆) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၇ ရက်နေ့ထိ မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့်သင်ကြားပေးခဲ့သည်။ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Best Industrial Co.,Ltd တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိလာသော အချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည် ပြုလုပ်ခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၂) ယောက်တက်ရောက်ခဲ့သည်။



Trainer from MGHRDC presenting IE




Trainer from MGHRDC presenting IE



Group Work




Factory Visit



Presentation Session




Presentation Session




Awarded Certificate




Awarded Certificate

## စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၉)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၉) ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၈ ရက်တွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



BATCH – 19 GROUP PHOTO

အဆိုပါသင်တန်းသည် MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၂၀) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၃၄) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ် ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။



LABOUR OFFICER OF MGMA LECTURING LABOUR LAW AWARENESS



LABOUR OFFICER OF MGMA LECTURING LABOUR LAW AWARENESS

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၂ )




Batch – 222 Group Photo



MGMA Conducting Labour Law Awareness

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၂) ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၁၄ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၄) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။





Trainer of MGHRDC Presenting Training Method



Practice Session



Trainees



Awarded Certificate

# UPCOMING ACTIVITIES

| . | Description | Date & Time | Venue |
|---|---|---|---|
| 1. | Intertextile Shanghai Apparel Fabrics – Spring Edition 2023 | August 28th to 30th | Shanghai |
| 2. | Labour Law Awareness Training Batch – 20 & 21 | TBA | TBA |
| 3. | Basic Sewing Machine Operator Training (Batch – 224) | TBA | TBA |

# MEMBERSHIP UPDATE

New Members in July 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 2 |
| Myanmar | 3 |
| JV | 1 |
| Total | 6 |

Membership Update as of July 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 61 |
| | China | 311 |
| | Korea | 55 |
| | Japan | 18 |
| | Others | 19 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 53 |
| Total (Active) | | 546 |
| Total (Inactive) | | 271 |
| Grand Total | | 817 |